# Job aid for STANDARD Q HIV 1/2 Ab 3-Line Rapid Test

N.H.L National Health Laboratory

⚠ STANDARD Q HIV1/2 Ab 3-Line စစ်ဆေးကိရိယာအသုံးပြုမီ **အညွှန်းစာရွက်**ကို သေချာစွာဖတ်ရှုပါ။


⚠ စစ်ဆေးကိရိယာအိတ်၏အနောက်ဖက်တွင်ပါသော **သက်တမ်းကုန်ဆုံးမည့်ရက်စွဲ**ကို စစ်ဆေးပါ။

⚠ စစ်ဆေးကိရိယာများကို ရေခဲသေတ္တာ အခဲခန်း **(-20°C)** တွင် မသိမ်းဆည်းရပါ။

⚠ စစ်ဆေးကိရိယာနှင့် သွေးနမူနာများအား ရေခဲသေတ္တာ **(2-8 °C)** တွင် သိမ်းဆည်းထားပါက စစ်ဆေးမှုမပြုလုပ်မီ (30) မိနစ်ခန့် ကြိုတင်၍ **အခန်းအပူချိန် (15-30 °C/ 59-86 °F)** ရောက်အောင် ထုတ်ထားပါ။

⚠ စစ်ဆေးကိရိယာအထုပ်ထဲရှိ **Silica gel** အရောင်သည် **အဝါရောင်** ဖြစ်ရမည်။ အစိမ်းရောင်ဖြစ်နေပါက ထိုစစ်ဆေးကိရိယာအား အသုံးမပြုရပါ။

⚠ စစ်ဆေးကိရိယာအထုပ်သည် **ပေါက်ပြဲနေပါက** အထဲမှ စစ်ဆေးကိရိယာကို အသုံးမပြုရပါ။










## (၁) စစ်ဆေးကိရိယာဖြင့်စစ်ဆေးခြင်း


**(က)** လက်ထိပ်သွေးဖောက်ပြီး Capillary tube ဖြင့် ရယူထားသော သွေး **(20 µl)** ကို သွေးနမူနာ ထည့်ရမည့်နေရာသို့ ထည့်ပါ။


(သို့မဟုတ်)

ဓာတ်ခွဲခန်းတွင် စစ်ဆေးမှု ပြုလုပ်လျှင်


- Whole Blood ဖြစ်ပါက **(20 µl)**
- Serum (သို့မဟုတ်) Plasma သွေးရည်ကြည် ဖြစ်ပါက **(10µl)**

ကို micropipette ဖြင့်ယူ၍ သွေးနမူနာ ထည့်ရမည့် နေရာသို့ထည့်ပါ။




**(ခ)** ဆေးရည် **(၃) စက်** ကို သွေးနမူနာထည့်သည့် နေရာသို့ ထည့်ပါ။









⚠ ဆေးရည်ထည့်သည့်အခါ **ပုလင်းထိပ်ကို** စစ်ဆေးကိရိယာနှင့် မထိမိစေရန် သတိပြုပါ။

## (၂) အဖြေဖတ်ခြင်း

အချိန်မှတ်ကိရိယာဖြင့် အချိန်စမှတ်ပြီး အဖြေကို **(၁၀) မိနစ်နှင့် (၂၀) မိနစ်** အတွင်း ဖတ်ရမည်။
**(၂၀) မိနစ်** ကျော်ပြီးနောက် အဖြေမဖတ်ရပါ။




| Test result | | Example | Description |
|---|---|---|---|
| Non-reactive | |  | C တစ်နေရာတည်းတွင်သာ အရောင်မျဉ်းပေါ်သည်။ |
| Reactive | HIV-1 Reactive |  | C နှင့် T1 နေရာများတွင် အရောင်မျဉ်းများပေါ်သည်။<br>C , T2 နှင့် T1 နေရာများတွင် အရောင်မျဉ်းများပေါ်ပြီး T1 နေရာရှိမျဉ်းသည် T2 နေရာရှိ မျဉ်းထက် အရောင်ထင်းသည်။ |
| | HIV-2 Reactive |  | C နှင့် T2 နေရာများတွင် အရောင်မျဉ်းများပေါ်သည်။<br>C , T2 နှင့် T1 နေရာများတွင် အရောင်မျဉ်းများပေါ်ပြီး T2 နေရာရှိမျဉ်းသည် T1 နေရာရှိ မျဉ်းထက် အရောင်ထင်းသည်။ |
| | HIV-1 & HIV-2 Reactive |  | C , T2 နှင့် T1 နေရာများတွင် အရောင်မျဉ်းများပေါ်သည်။<br>(T2 နှင့် T1 နေရာတွင်ပေါ်သောမျဉ်းများသည် အရောင်မှိန်သည်ဖြစ်စေ၊ အရောင်ထင်းသည် ဖြစ်စေ ဓာတ်ပြုမှုရှိသည်ဟု ယူဆသည်။) |
| Invalid | |  | C နေရာနှင့် T2 , T1 နေရာအားလုံးတို့တွင် အရောင်မျဉ်းလုံးဝမပေါ်လျှင်သော်လည်းကောင်း၊<br>C နေရာတွင် အရောင်မျဉ်းမပေါ် ပဲ T2 နေရာတွင်ဖြစ်စေ၊ T1 နေရာတွင်ဖြစ်စေ၊ T2 နှင့် T1 နေရာနှစ်ခုစလုံးတွင်ဖြစ်စေ အရောင်မျဉ်းပေါ်နေပါက စံမမှီသောအဖြေအဖြစ် သတ်မှတ်ပြီး စစ်ဆေး ကိရိယာအသစ်ဖြင့် နောက်ထပ်တစ်ကြိမ် ထပ်မံစစ်ဆေးရမည်။ |



*References : WHO Prequalification of In Vitro Diagnostics PUBLIC REPORT/ Product :STANDARD Q HIV ½ Ab 3-Line Test WHO Ref No.PQDx0383-117-00*